# NNAATTIIOONNAALL CCOOAALLIITTIIOONN GGOOVVEERRNNMMEENNTT OOFF TTHHEE UUNNIIOONN OOFF BBUURRMMAA

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

## (၆၃)နှစ်မြောက် မွန်အမျိုးသားနေ့ဂုဏ်ပြုသဝဏ်လွှာ

၁၃၇၁ ခုနှစ် တပို့တွဲလဆုတ် (၁) ရက်နေ့သည် မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၆၃)နှစ်မြောက် မွန်အမျိုးသားနေ့ ဖြစ်ပေသည်။ မွန်အမျိုးသား သာမလနှင့် ဝိမလညီနောင်တို့ ဟံသာဝတီပြည်ကို စတင်တည်ထောင်ခဲ့သည့် ဤသမိုင်းဝင်နေ့ရက်အခါသမယ၌ မွန်အမျိုးသားခေါင်းဆောင်များနှင့်အတူ မွန်တိုင်းရင်းသားပြည်သူတရပ်လုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြစေကြောင်း လေးနက်စွာဆန္ဒပြုအပ်ပါသည်။

မွန်အမျိုးသားတို့သည် သမိုင်းအစဉ်အလာကြီးမားပြီး အရှေ့တောင်အာရှတွင် ရာစုနှစ်ပေါင်းများစွာ ကိုယ့်ထီး ကိုယ့်နန်းဖြင့် သီးခြားလွတ်လပ်စွာ ကိုယ့်မင်းကိုယ့်ချင်းနေထိုင်ခဲ့ကြသူများဖြစ်သည်။ လက်နက်အားကိုး ပဒေသရာဇ် စစ်ဝါဒီများကြောင့်သာ နိုင်ငံကျဆုံးခဲ့ရခြင်းဖြစ်ပေသည်။

ယင်းသို့ ကိုယ်ပိုင်ပြဌာန်းခွင့် ပျောက်ဆုံးခဲ့ရသော မွန်အမျိုးသားတို့အတွက် မျှော်လင့်ချက်ရောင်ခြည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များ သဘောတူချုပ်ဆိုခဲ့သော ပင်လုံစာချုပ်တွင် ပေါ်လာခဲ့ဖူးသည်။ ထိုစဉ်က မွန်အမျိုးသားတို့ ကိုယ်တိုင်ပါဝင်ခဲ့ခြင်းမရှိသော်လည်း ဗိုလ်ချုပ်အောင်ဆန်းက မွန်ဒေသအပါအဝင် ဗြိတိသျှမြန်မာပြည်မကို ကိုယ်စားပြုချုပ်ဆိုခဲ့ရာ၌ မွန်၊ ရခိုင် အပါအဝင် တိုင်းရင်းသားလူမျိုးများအတွက် ရသင့်ရထိုက်သော အပြည့်အဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ပြည်နယ်များ ဖော်ထုတ်ပေးရေးအပါအဝင် လုံးဝတန်းတူအခွင့်အရေးရရှိစေရန် ရည်ရွယ်ခဲ့သည်။

သို့ရာတွင် ထိုမျှော်လင့်ချက်ရောင်ခြည်သည် ဗိုလ်ချုပ်တို့ကျဆုံးပြီးနောက် ပျောက်လွင့်သွားခဲ့သည့်အပြင် မဟာလူမျိုးကြီးစစ်ဝါဒီတို့၏ အသစ်တဖန်ဖိနှိပ်မှုများကို ကြုံလာရသဖြင့် အင်္ဂလိပ်ထံမှ လွတ်လပ်ရေးရပြီး မကြာမီပင် မလွှဲမရှောင်သာ လက်နက်ကိုင်တော်လှန်ရေး ဆင်နွှဲခဲ့ရသည်။

အခြေအနေအကြောင်းကြောင်းအရ လက်နက်ကိုင်တိုက်ပွဲသဏ္ဍာန်မှ ငြိမ်းချမ်းရေးတိုက်ပွဲသဏ္ဍာန်သို့ ပြောင်းလဲခဲ့ရသော်လည်း မွန်အမျိုးသားတို့သည် နအဖအမျိုးသားညီလာခံတွင် တိုင်းရင်းသားအခွင့်အရေးများအတွက် ဆက်လက်တိုက်ပွဲဝင်ခဲ့ပြီး တောင်းဆိုချက်များပယ်ချခံရသဖြင့် ညီလာခံတွင် တင်းပြည့်ပါဝင်မှု မပြုဘဲနေခဲ့သည်။ ထိုမှ ဆက်လက်၍ ယင်းညီလာခံမှထွက်ပေါ်လာသော ဒီမိုကရေစီနှင့်တိုင်းရင်းသားအခွင့်အရေးကင်းမဲ့သည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း ၂၀၁၀ ရွေးကောက်ပွဲကိုလည်းကောင်း ဆန့်ကျင်ခဲ့သည်။ တိုင်းရင်းသားများကိုဝါးမျိုမည့် နယ်ခြားစောင့်တပ်စီမံကိန်းကိုလည်း ပြတ်ပြတ်သားသားဆန့်ကျင်ငြင်းပယ်နေသည်။

မွန်အမျိုးသားတို့သည် ဒီမိုကရေစီရေးနှင့် တိုင်းရင်းသားအခွင့်အရေးများအတွက် အခြားသော တိုင်းရင်းသား အင်အားစုများ၊ ဒီမိုကရေစီအင်အားစုများနှင့် လက်တွဲရပ်တည်ပြီး တိုက်ပွဲဝင်နေသည်ကိုတွေ့ရသည်။ ဒီမိုကရေစီ အင်အားစုများ၊ တိုင်းရင်းသားအင်အားစုများအားလုံးကလည်း မွန်အမျိုးသားများနှင့်ထပ်တူ ၂၀၀၈ အခြေခံဥပဒေကို လက်မခံနိုင်ကြသဖြင့် နအဖ၏ ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝဆန့်ကျင်နေကြပေသည်။ ထိုသဘောထားအမြင်မှာ လက်တွေ့အခြေအနေများနှင့်ဆီလျော်သဖြင့် ညွန့်ပေါင်းအစိုးရက ကြိုဆိုထောက်ခံအပ်ပါသည်။

ယနေ့မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးအသီးသီး တွေ့ကြုံရင်ဆိုင်နေရသော နိုင်ငံရေးအကျပ်အတည်းမှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပြဿနာဖြစ်သည်။ နအဖစစ်အုပ်စုက တိုင်းရင်းသားလူမျိုးများအား အမျိုးသား တန်းတူရေး နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်အပါအဝင် ဒီမိုကရေစီရေးနှင့် အခြေခံလူ့အခွင့်အရေးများပေးရန် အစဉ်တစိုက်

ငြင်းဆန်နေမှုသည် ပဓာနပြဿနာဖြစ်သည်။ ထို့ပြင် နအဖ စစ်ဝါဒီများသည် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရ ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေး အဖြေရှာရမည့်အစား စစ်အင်အားသုံး ဖိနှိပ်စိုးမိုးနေပေသည်။

သို့ဖြစ်၍ "ဒီမိုကရေစီစနစ်ထွန်းကားရေး" "အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး" "စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းရေး" တည်းဟူသော နိုင်ငံရေးရည်မှန်းချက်များအောင်မြင်သည်အထိ မွန်အမျိုးသားပြည်သူလူထုအပေါင်းနှင့်အတူ မဆုတ်မနစ်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်ကြောင်း ၆၃(၆၁)နှစ်မြောက် "မွန်အမျိုးသားနေ့"တွင် အမျိုးသားညွန့်ပေါင်းအစိုးရက တည်ကြည်လေးနက်စွာသန္နိဋ္ဌာန်ပြုလျှက် ၆၃ဂုဏ်ပြုသဝဏ်လွှာကို လေးစားစွာပေးပို့အပ်ပါသည်။

၁၃၇၁ ခုနှစ် တပို့တွဲလဆုတ်(၁)ရက်။
၂၀၁၀ ခုနှစ် ဇန်နဝါရီလ (၃၀) ရက်။
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ